**နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ၊ ၂၀၁၂ ခုနှစ်**

**အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အမေရိကန်ကော်မရှင်**

**မြန်မာနိုင်ငံ**

**တွေ့ရှိချက်များ ။** ကမ္ဘာပေါ်ရှိ အဆိုးရွားဆုံး လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော မုဒိမ်းပြုကျင့်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ လူမျိုးတုံးသတ်ဖြတ်မှု၊ ကလေးစစ်သားစုဆောင်းမှုများနှင့် ပြင်းထန်သည့် ဘာသာတရားလွတ်လပ်စွာကိုးကွယ်မှုအား ချိုးဖောက်သည့် ကျူးလွန်မှုများထဲတွင် မြန်မာစစ်ဘက်အသိုင်းအဝိုင်း ပါဝင်ပတ်သက်နေပါသည်။ ကုန်ခဲ့သည့်ကာလများမှ အစီရင်ခံချက်များထဲတွင်လည်း ဤအပြုအမူမျိုးများပါရှိနေပါသည်။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာတွင် ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲများသည် အစိုးရသစ်တစ်ရပ်ကို ပေါ်ပေါက်စေခဲ့ပါသည်။ ၂၀၁၁–၂၀၁၂ ခုနှစ်အတွင်းတွင် အချို့သော ပြုပြင်ပြောင်းလဲမှုများကို စတင်စေခဲ့ပါသည်။ ဘာသာရေးအစုအဖွဲ့များ၊ အတိအကျပြောရလျှင် တိုင်းရင်းသားမျိုးနွယ်စု ခရစ်ယာန်များ၊ မူဆလင်များနှင့် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များသည် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြသည်ဟု သံသယ အဖြစ်ခံကြရပါသည်။ သံသယဖြင့် စောင့်ကြပ်ကြည့်ရှုခံရခြင်း၊ အဖမ်းအဆီးခံရခြင်း၊ မရိုမသေ၊ မကိုင်းမရှိုင်း၊ မထီမဲ့မြင်ပြုကျင့်ခံရခြင်း၊ ရဟန်းသံဃာသုံး ဘာသာရေးပစ္စည်းများကို မတော်မလျော်ပြု ဖျက်ဆီးခံရခြင်း၊ ဝတ်ပြုကိုးကွယ်မှုများ၊ ပညာရေးနှင့် ဘာသာရေးလုပ်ငန်းများကို ဆိုးဆိုးရွားရွား ကန့်သတ်ချုပ်ချယ်မှု အပြုခံရခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ရန်အတွက် ပစ်မှတ်ထားခံရခြင်းတို့ကို ကြုံတွေ့ကြရပါသည်။ ၂၀၀၇ ခုနှစ်အတွင်းတွင် ဖြစ်ပေါ်ခဲ့သည့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲများအတွင်း ပါဝင်ခဲ့ကြသည့် ရဟန်းတော်များသည် ထောင်ဒဏ်များ ကျခံနေရဆဲဖြစ်ပါသည်။ ပရိတက်စတင့်များ၏ ''နေအိမ်ဘုရားကျောင်း ဝတ်ပြုကိုးကွယ်မှုများ''ကို တားဆီးရန် ကြိုးပမ်းမှုများသည်လည်း ရပ်ဆိုင်းမသွားပါ။

ဤကဲ့သို့ စနစ်တကျ ကမ်းကုန်သည့် ချိုးဖောက်စော်ကားမှုများအောက်မှာ USCIRF က မြန်မာနိုင်ငံအား ၂၀၁၂ ခုနှစ်အတွက် ''သီးခြားစိုးရိမ်စရာအချက်များရှိသည့် နိုင်ငံ (CPC)'' အဖြစ် ထပ်မံသတ်မှတ်ပါသည်။ အမေရိကန်နိုင်ငံအစိုးရက မြန်မာနိုင်ငံအား CPC နိုင်ငံ အဖြစ် ၁၉၉၉ ခုနှစ်ကတည်းကပင် သတ်မှတ်ထားခဲ့ပါသည်။

ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုများသည် မြန်မာနိုင်ငံအတွင်းရှိ ဘာသာရေးအစုအဖွဲ့များအားလုံးကို ထိခိုက်စေခဲ့ပါသည်။ အစိုးရသစ်သည် ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြသော ထင်ရှားသည့်ခေါင်းဆောင်အချို့အား အကျဉ်းထောင်များမှ လွှတ်ပေးခဲ့သော်လည်း အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများအတွင်းမှာ ပါဝင်ခဲ့သည်ဟု ယူဆခြင်းခံခဲ့ရသည့် ရဟန်းသံဃာများအား လွန်ခဲ့သည့်နှစ်အတွင်းတွင် ထိန်းသိမ်းထားခဲ့ပါသည်။ မကြာမီက လွှတ်ပေးခဲ့ရခြင်းမှာ မလွှဲသာသည့် အကြောင်းများကြောင့်သာ လွှတ်ပေးခဲ့ရခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်ဖြစ်ပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု၏ ဥက္ကဋ္ဌဖြစ်သည့် ဦးဂမ္ဘီရသည် လုံခြုံရေးရဲတပ်ဖွဲ့များ၏ ဖမ်းဆီးထိန်းသိမ်းမှုကို နှစ်ကြိမ်ခံခဲ့ရပါသည်။ ဆရာတော်သည် စစ်အစိုးရအား လူသိရှင်ကြား ဝေဖန်ခဲ့မှု၊ အစိုးရအမိန့်ဖြင့် ချိတ်ပိတ်ထားသည့်ဘုန်းကြီးကျောင်းတွင် ဝင်ရောက်သီတင်းသုံးရန် ကြိုးစားမှုတို့ကြောင့် အဖမ်းခံခဲ့ရခြင်းဖြစ်ပါသည်။ ကျယ်ပြန့်သည့် ဘာသာရေးလှုပ်ရှားမှုများကြောင့် မူဆလင်များသည် အမြဲတမ်းလိုလိုပင် တင်းတင်းကြပ်ကြပ် ထိန်းချုပ်ခံရသည့် အတွေ့အကြုံများရှိပါသည်။ အလားတူပင် အစိုးရကိုယ်တိုင် ကြီးမှူးစီမံသည့် ကျယ်ပြန့်သောလှုပ်ရှားမှုများလည်း ရှိခဲ့ဖူးပါသည်။ အတိအကျပြောရမည်ဆိုပါက ရိုဟင်ဂျာမူဆလင် လူနည်းစုများအား လူမျိုးရေးအရ စနစ်တကျ ခွဲခြား ဆက်ဆံမှုများ ရှိခဲ့ပါသည်။ ရိုဟင်ဂျာများ မူရင်းဇာတိဒေသများမှ ထွက်ခွာသွားစေရန် ဖိအားပေးသည့် အစီအမံများ ရှိခဲ့ဖူးပါသည်။ ဤနည်းအားဖြင့် သောင်းချီသည့် ရိုဟင်ဂျာဒုက္ခသည်ပြဿနာ ပေါ်ထွက်လာခဲ့ပါသည်။ လူမျိုးရေးပဋိပက္ခများ လျော့ပါးသည့် လူနည်းစုတိုင်းရင်းသားဒေသများ၌လည်း ပဋိပက္ခများသည် နှစ်ပေါင်းဆယ်နှင့်ချီ၍ ဖြစ်ပွားခဲ့ပါသည်။ မြန်မာ့စစ်ဘက်ဆိုင်ရာ အသိုက်အဝန်းသည် ဗုဒ္ဓ

ဘာသာ ယုံကြည်ကိုးကွယ်မှုကိုသာပြုရန် အားပေးအားမြှောက်ပြုခဲ့ပြီး အခြားတစ်ဘက်၌ ခရစ်ယာန်ဘာသာ ကိုးကွယ်မှုကို ခြိမ်းခြောက်ခြင်း၊ အလုပ်ကြမ်းများခိုင်းစေခြင်း၊ မတော်မတရားပြုကျင့်ခြင်း၊ ဘာသာရေးအဆောက်အအုံများကို ဖျက်ဆီးခြင်းများကို ကျူးလွန်ခဲ့ပါသည်။ ဤကဲ့သို့သော အပြုအမူများသည် ယခင်နှစ်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ ဖြစ်ပွားခဲ့ပါသည်။ ဤဒေသများတွင် ကုန်ခဲ့သည့်နှစ် အစီရင်ခံစာများ တင်ပြချိန်လောက်မှာပင် ကြီးမားသည့် စစ်ဆင်ရေးကြီးများ စတင်နေပြီဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများ၌ အဓိကအားဖြင့် ပရိုတက်စတင့်များ၏ လွတ်လပ်သည့် "နေအိမ်ဘုရားကျောင်း"များ တည်ရှိခွင့်မပြုရန်၊ ဘုရားဝတ်ပြုရန်နေရာများ မပေးရန် ပြဋ္ဌာန်းထားပါသည်။ ရန်ကုန်မြို့ရှိ ပရိုတက်စတင့်ဂိုဏ်း အကြီးအကဲများအနေဖြင့် ခွင့်မပြုသည့် နေရာဌာနများ၌ ဘာသာရေးအခမ်းအနားများ ကျင်းပခြင်းမပြုရန် ဖိအားပေးခံကြရပါသည်။

**ဦးစားပေးအကြံပြုထောက်ခံချက်များ** ။ ယခင်နှစ်အတွင်းတွင် မြန်မာနိုင်ငံအစိုးရသည် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ရာနှင့်ချီသော နိုင်ငံရေးအကျဉ်းသားများနှင့် ဘာသာရေးအကျဉ်းသားများကို အကျဉ်းထောင်မှ လွှတ်ပေးခဲ့ပါသည်။ အင်တာနက်နှင့် မီဒီယာအပေါ်ထားရှိသည့် ထိန်းချုပ်မှုအချို့ကိုလည်း ဖြေလျှော့ပေးခဲ့ပါသည်။ အင်အားအကြီးဆုံးဖြစ်သည့် ကရင်မျိုးနွယ်စုနှင့် ယာယီ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် သူ၏ပါတီဖြစ်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကျင်းပမည့် ရက်ကို သတ်မှတ်ခဲ့ပါသည်။ ဤဖြစ်စဉ်များသည် အမေရိကန်ပြည်ထောင်စုနှင့် အခြားအစိုးရအဖွဲ့များထံမှ ခီးကျူးမှုများကို ရရှိစေခဲ့သည့် အရေးကြီးသောခြေလှမ်းများ ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ဘာသာရေးလွတ်လပ်ခွင့်တိုးတက်မှုနှင့် ဒီမိုကရေစီဖြစ်ပေါ်ပြောင်းလဲမှုများသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတွင် နီးကပ်ဆက်စပ်လျက်ရှိသောကြောင့် မြန်မာနိုင်ငံအကျဉ်းထောင် အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ခြင်းနှင့် လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခံရသူများဖြင့် ဖွဲ့စည်းထားသော လွှတ်တော်အသစ်တစ်ရပ် ဖြစ်ပေါ်လာသည့်အခါ ယင်းလွှတ်တော်က ဘာသာရေးလွတ်လပ်ခွင့်များကို ကန့်သတ်ထားသည့် ဥပဒေများအား ပြုပြင်ပြောင်းလဲပြီး ယင်းလွတ်လပ်ခွင့်နှင့် ဆက်စပ်သော လွတ်လပ်စွာ အမြင်သဘောထားထုတ်ဖော်ခွင့်၊ စည်းရုံးစုဝေးခွင့်၊ အသင်းအပင်းစည်းရုံး ဖွဲ့စည်းခွင့်များ ခွင့်ပြုခြင်းများ မဆောင်ရွက်သရွေ့ ပစ်မှတ်ထားပြီး ပိတ်ဆို့ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် မစဉ်းစားသင့်ပေ။ ထို့ပြင် မြန်မာဘုန်းတော်ကြီးများ၊ ရိုဟင်ဂျာမူဆလင်များ၊ တိုင်းရင်းသားလူနည်းစု ခရစ်ယာန်များ တွေ့ကြုံနေကြရသည့် ဆိုးရွားသော ဘာသာရေးလွတ်လပ်မှုနှင့်ပတ်သက်သည့် ချိုးဖောက်မှုများရှိနေသမျှ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် CPC အဆင့်အတန်းကို အမေရိကန်ပြည်ထောင်စုက ဖယ်ရှားခြင်းမပြုသင့်ချေ။ မည်ကဲ့သို့သော အနာဂတ်ကာလမျိုး၌ဖြစ်စေ အမေရိကန်ထောက်ပံ့ရေးရန်ပုံငွေများသည် ပြည်သူလူထု၏အားပေးထောက်ခံမှု၊ ဘာသာရေးအရ သဟဇာတဖြစ်မှု၊ ဒီမိုကရေစီနည်းကျသည့် ခေါင်းဆောင်မှု၊ ဥပဒေကျင့်သုံးမှုများအပေါ်တွင် အဓိကထားသော အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ပိုင်ခွင့်အာဏာကို တိုးမြှင့်ပေးရန်အတွက် ရည်ရွယ်ဦးတည်သင့်ပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အမေရိကန်ပေါ်လစီအပေါ် ထပ်ဆင့် အကြံပြုထောက်ခံချက်များကို ဤအခန်း၏ အဆုံးပိုင်းတွင် တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။

## ဘာသာရေးလွတ်လပ်မှုနှင့်ပတ်သက်သည့် အခြေအနေများ

### *ကနဦးပြုပြင်ပြောင်းလဲမှုများ*

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာအတွင်း၌ ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲများက သမ္မတဦးသိန်းစိန်ခေါင်းဆောင်သည့် အစိုးရသစ်ကို ဖော်ထုတ်ပေးခဲ့ပါသည်။ ဦးသိန်းစိန်သည် ယခင်က ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ပါသည်။ ဦးသိန်းစိန် ကိုယ်စားပြုသည့်အစိုးရသည် ယခင်က ဗိုလ်ချုပ်ကြီးများနှင့် ဖျက်သိမ်းပြီးဖြစ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)မှ စစ်ဘက်ဆိုင်ရာ

အရာရှိကြီးများ လွှမ်းမိုးထားသည့် အစိုးရဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲများသည် အဓိက အတိုက်အခံပါတီကြီးဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကျယ်ပြန့်သည့် ဝေဖန်တိုက်ခိုက်မှုများကို ခံခဲ့ရပါသည်။ ဤရွေးကောက်ပွဲများတွင် အခြားသော တိုင်းရင်းသားလူနည်းစုများကိုလည်း ပါဝင်ခွင့် မပြုခဲ့ပါ။ မည်သို့ပင်ဖြစ်စေကာမူ ကုန်ခဲ့သည့်နှစ်အတွင်း၌ ဦးသိန်းစိန်အစိုးရသည် နိုင်ငံရေးအကျဉ်းသားများနှင့် ဘာသာရေးနှင့်ပတ်သက်သည့် ရာဂဏန်းရှိသော အကျဉ်းသားများကို အကျဉ်းထောင်များမှ လွှတ်ပေးခဲ့ပါသည်။ ဤအထဲတွင် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ခဲ့ပါသည်။ ထိန်းချုပ်ထားသည့် အင်တာနက်သုံးစွဲမှု ကန့်သတ်ချက်အချို့ကို လျှော့ချပေးခဲ့ပါသည်။ ကရင်တိုင်းရင်းသားမျိုးနွယ်စုများနှင့် အစိုးရကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ရယူနိုင်ခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်(ကိုယ်တိုင်နှင့်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များအား ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည့် ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီအတွင်းတွင် အရပ်သား အစိုးရသည် သံဃာ့တပ်ပေါင်းစု ဥက္ကဋ္ဌဖြစ်သည့် ဦးဂမ္ဘီရအား ထောင်မှလွှတ်ပေးခဲ့ပါသည်။ အခြားအကျဉ်းသား ရဟန်း ၂၉ ပါးကိုလည်း အကျဉ်းထောင်မှ လွှတ်ပေးခဲ့ပါသည်။ အတုံ့အပြန်အားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ယင်းတို့နှင့် မြန်မာနိုင်ငံဆက်ဆံရေးများကို တိုးမြှင့်ပေးခဲ့ကြပါသည်။ အမေရိကန်အစိုးရက မြန်မာ–အမေရိကန် သံတမန်ဆက်ဆံရေးကို အပြည့်အဝ တိုးမြှင့်ဆက်ဆံသွားမည့်အကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ပြုပြင်ပြောင်းလဲမှုများကို မြင်တွေ့နေရသော်လည်း ဘာသာရေးလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးတို့နှင့်ပတ်သက်ပြီး အရေးကြီးပြဿနာများ ဖြေရှင်းရန် ကျန်ရှိနေဆဲ ဖြစ်ပါသည်။

**ဗုဒ္ဓဘာသာရဟန်းတော်များအား ဆက်လက်ဖိနှိပ်နေဆဲဖြစ်ခြင်း**

တိုင်းရင်းသားလူနည်းစု ခရစ်ယာန်နှင့် မူဆလင်များသည် မြန်မာနိုင်ငံအတွင်းတွင် ရေရှည်အခက်အခဲများကို ရင်ဆိုင်နေကြရဆဲ ဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်အတွင်းက ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ပေါ်ခဲ့သည့် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အစိုးရ၏ ပေါ်လစီများကို လူသိရှင်ကြား ဝေဖန်ဆန့်ကျင်ကြသည့် ရဟန်းတော်များအား စနစ်တကျ နှိပ်ကွပ်ရန် စတင်ပြင်ဆင်လာခဲ့ပါသည်။ ဘုန်းတော်ကြီးကျောင်းများကို အစိုးရဆန့်ကျင်ရေးဗဟိုချက်များအဖြစ် သဘောထားလာခဲ့ပါသည်။ ရဟန်းသံဃာများ ရာချီပြီး အဖမ်းခံကြရပါသည်။ သက်နှံးရုံခွင့်မပြုဘဲ ထောင်ပုံစံပုဆိုးများနှင့် နေစေခဲ့ပါသည်။ ကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်ကြပါသည်။ ထောင်တွင်းရှိ အလုပ်ကြမ်းများကို ခိုင်းစေခဲ့ပါသည်။ ထောင်တွင်း၌ ရဟန်းသံဃာများ အနည်းဆုံး အပါး ၃၀ ပျံလွန်တော်မူခဲ့သည်ဟု ဆိုသော်လည်း ကိန်းဂဏန်းများသည် ယခုထက်ပိုမိုနိုင်ကြောင်း ကျွမ်းကျင်သူအချို့က မှတ်ချက်ပေးကြပါသည်။ အနည်းဆုံး လူ ၄၀၀၀ ကျော် (ဤကိန်းဂဏန်းများထဲတွင် ရဟန်းတော်များပါဝင်မှုပမာဏကို အတိအကျ မသိရပါ) ၂၀၀၇ ခုနှစ် ချေမှုန်းပွဲကြီးမှာ အဖမ်းခံကြရပါသည်။ ရဟန်းသံဃာ ၅၀၀ နှင့် ၁၀၀၀ ကြား လအတန်ကြာ အထိန်းသိမ်းခံခဲ့ကြရပါသည်။ အဖမ်းခံရသူ၊ ထိန်းသိမ်းခံကြရသူများသည် နှိမ်ချဆက်ဆံပြုကျင့်မှုများ ခံကြရပါသည်။ နှိပ်စက်ညှဉ်းပန်းခံကြရပါသည်။ မြန်မာနိုင်ငံအတွင်း ပွင့်လင်းမြင်သာမှု မရှိသည့်အတွက် မြန်မာအကျဉ်းထောင်များအတွင်း၌ အကျဉ်းသား မည်ရွေ့မည်မျှရှိသည်၊ မည်ရွေ့မည်မျှ ပျောက်ဆုံးနေသည်ကို ခန့်မှန်းဆုံးဖြတ်ရန် အလွန်ပင် ခက်ခဲလှပါသည်။ ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများအဖွဲ့(အေအေပီပီ)၏ ကိန်းဂဏန်းများအရ ရဟန်းအကျဉ်းသား ၁၅၀ ခန့် ထောင်တွင်း၌ ကျန်ရှိနေသေးသည်ဟု ဆိုပါသည်။

မြန်မာနိုင်ငံ၏ လူမှုဘဝနှင့် ယဉ်ကျေးမှုဘဝတွင် ဗုဒ္ဓဘာသာ၏ အရေးပါမှုကို နားလည်သဘောပေါက်ခြင်းသည် ၂၀၀၇ ခုနှစ် စက်တင်ဘာ လူထုလှုပ်ရှားမှု၏ အတိမ်အနက်နှင့် အစိုးရ၏ ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်မှုများကို နားလည်သဘောပေါက်နိုင်ရန် အတွက် အရေးကြီးလှသည်။ ရဟန်းသံဃာများက ၎င်းတို့၏ လှုပ်ရှားမှုနယ်ပယ်ကို တိုးချဲ့ခဲ့ကြပါသည်။ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးဖို့ တောင်းဆိုခဲ့ကြပါသည်။ ပြည်တွင်း၌ ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ စတင်ဖို့ တောင်းဆိုခဲ့ကြပါသည်။ လူထု

နှင့် ရဟန်းသံဃာများ၏ လှုပ်ရှားမှုများသည် ကျယ်ပြန့်လာသဖြင့် စစ်အစိုးရက ရဟန်းသံဃာများခေါင်းဆောင်သည့် လူထုဆန္ဒပြပွဲကြီးကို ချေမှုန်းပစ်ဖို့ အမိန့်ပေးခဲ့ပါသည်။

ဘာသာရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အစိုးရ၏ စွက်ဖက်မှုသည် ၂၀၀၇ ခုနှစ် လူထုဆန္ဒပြပွဲကြီးမတိုင်ခင် ကာလများကတည်းကပင် ဖြစ်ပွားနေခဲ့ပြီး ယခင်နှစ်အတွင်းတွင်လည်း ဆက်လက်ဖြစ်ပွားခဲ့သည်။ ရဟန်းသံဃာများနှင့် ဘာသာရေးပွဲလမ်းသဘင်များကို အစိုးရက အရေးတကြီးကိစ္စများအဖြစ် သဘောထားခဲ့ပါသည်။ နိုင်ငံရေးနှင့်ဆက်နွယ်သော တရားမဟောရန်၊ လူထုသို့ ထုတ်ပြန်ကြေညာခြင်းမျိုးမပြုရန်နှင့် အစိုးရ၏ မူဝါဒ သို့မဟုတ် စစ်တပ်အပေါ်ဝေဖန်သော စာပေများ မထုတ်ရန် သံဃာများကို အစိုးရက တားမြစ်ထားသည်။ ရဟန်းသံဃာများသည် နိုင်ငံရေးပါတီများနှင့် ပေါင်းသင်းဆက်ဆံမှု ပြုခွင့်မရပါ။ ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် ဆုတောင်းပွဲများကျင်းပခြင်း၊ ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲကြီးတွင် အသက်ပေးသွားကြရသူများအတွက် အထိမ်းအမှတ်အခမ်းအနားများ၊ နိုင်ငံရေးလှုပ်ရှားမှုများနှင့် နိုင်ငံရေးအဓိပ္ပာယ်ဆောင်သည့် အခမ်းအနားများသို့ ရဟန်းသံဃာများ ကြွရောက်ခြင်းမပြုရန် တားမြစ်ထားပါသည်။ စစ်ဘက်ဆိုင်ရာ အရာရှိကြီးများသည် ဗုဒ္ဓဘာသာရဟန်းတော်များအား စစ်ခုံရုံးသို့ တင်ပို့နိုင်သည့် တရားစီရင်ပိုင်ခွင့်များ ရရှိထားကြပါသည်။

၂၀၁၀ ရွေးကောက်ပွဲများမတိုင်မီနှစ်အတွင်း၌ အစိုးရအာဏာပိုင်များသည် ဘုန်းတော်ကြီးကျောင်းများအား နီးနီးကပ်ကပ် စောင့်ကြည့်နေကြပါသည်။ ဘုန်းတော်ကြီးကျောင်းများသည် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ၏ အရေးပါ၊ အခရာကျသည့် နေရာများအဖြစ် သဘောထားခဲ့ကြပါသည်။ ဘုန်းတော်ကြီးကျောင်းများ၌ ထုံးတမ်းစဉ်လာအရ ကျင်းပပြုလုပ်သော ဘာသာရေးနှင့်ပတ်သက်သည့်လုပ်ငန်းများကိုပင် ကန့်သတ်ထားခဲ့ကြပါသည်။ ဘုန်းတော်ကြီးများကို အစိုးရဆန့်ကျင်ရေးအုပ်စုများ၏ စည်းရုံးရေးမှူးများအဖြစ် သဘောထားခဲ့သည်။ ဆရာတော်၊ သံဃာတော်ကြီးများကို တိကျ၊ သေချာ၊ သဲကွဲမရှိသည့် အမျိုးသား လုံခြုံရေးစည်းကမ်းဆိုသည်များဖြင့် အရေးယူအပြစ်ပေးပါသည်။ ဤစည်းကမ်းဆိုသည်များထဲတွင် လူထုအား ထိတ်လန့်ကြောက်ရွံ့စေခြင်း၊ ဘုရားရှင်၏အဆုံးအမများကို ဆန့်ကျင်သော၊ ဘုရားရှင်၏အဆုံးအမများနှင့် ဆန့်ကျင်ကွဲလွဲသော လှုပ်ရှားမှုများတွင်ပါဝင်ခြင်း၊ တမင်သက်သက် မလိုမုန်းထားနာကြည်းသည့် ဘာသာရေးခံစားချက်များပါဝင်ခြင်း၊ ဘာသာရေးယုံကြည်မှုများအတွက် ရည်ရွယ်တားဆီးထားသည့် အပြုအမူများတွင် ပါဝင်ခြင်းများ အကျုံးဝင်ပါသည်။ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာတွင် ရဟန်းတော်တစ်ပါးအား ထောင်ဒဏ် ၁၅ နှစ် ပြစ်ဒဏ်ချပါသည်။ ဆရာတော် အရှင်ဥက္ကံသအား အီလက်ထရွန်းနစ်ဥပဒေ၊ ပုံနှိပ်ဥပဒေ၊ ပြစ်မှု ဆိုင်ရာဥပဒေ ၅၀၅ (ခ)တို့ဖြင့် ပြစ်ဒဏ်ချပါသည်။ "၂၀၁၀ ရွေးကောက်ပွဲကိုဆန့်ကျင်ရေး"ဆိုသည့် ပိုစတာရေးသားမှုအတွက် ဤပြစ်ဒဏ်များကို ချမှတ်ခြင်းဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာအတွင်းတွင် "နောက်ထပ် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလုပ်ရန် လိုပါသေးသည်"ဟု ဟောပြောမိသည့်အတွက် ရဟန်းတော်တစ်ပါး အဖမ်းခံရပါသည်။

ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၀၇ ခုနှစ် ဆန္ဒပြပွဲကြီးတွင် ပါဝင်ခဲ့ကြသူများအတွက် ငြိမ်းချမ်းစွာ ဝတ်ပြုဆုတောင်းပွဲ ကျင်းပခဲ့ကြသည့်အတွက် ဖမ်းဆီးထိန်းသိမ်းခြင်း ခံကြရပါသည်။ ၄င်းတို့အထဲတွင် ဦးချစ်ဖေ၊ ဦးအောင်စိုး၊ ဦးဓမ္မသာရ၊ ဦးနန္တရဝေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင် ၅၀ ကျော် ဖမ်းဆီးအထိန်းသိမ်းခံရပါသည်။ ရဟန်းသံဃာအချို့မည်သည့်နေရာသို့ ရောက်ရှိနေကြမှန်း မသိကြရပါချေ။

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီအတွင်း၌ နော်အုန်းလှအပါအဝင် "အင်္ဂါနေ့ ဝတ်ပြုဆုတောင်းသည့်အဖွဲ့"အား ရန်ကုန်မြို့ရှိ မကွေးဘုန်းကြီးကျောင်းမှ ဘုန်းတော်ကြီးများအား ဝတ္ထုပစ္စည်းများလှူဒါန်းပြီး ဆူပူထကြွအောင်လှုံ့ဆော်ကာ ပြည်သူလူထုများ၏ တည်ငြိမ်မှုကို အနှောင့်အယှက်ပေးနေသည်ဟု စွပ်စွဲ၍ ထောင်ဒဏ် နှစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ အစိုးရက ဤဝတ်ပြုဆုတောင်းသည့်အဖွဲ့သည် "ပြည်သူလူထုများအား မတည်မငြိမ်ဖြစ်အောင် လှုံ့ဆော်လိုသည့် ရည်ရွယ်ချက်ရှိသည်"ဟု ပြောဆိုပါသည်။ နော်အုန်းလှနှင့် သူ့အဖွဲ့သည် ၂၀၁၁ ခုနှစ်၊ မေ၌ အကျဉ်းထောင်မှ လွတ်လာခဲ့ကြပါသည်။

၂၀၀၇ ခုနှစ် "ရွှေဝါရောင်တော်လှန်ရေး"တွင် ပါဝင်ခဲ့ကြသည့် ဆရာတော်၊ သံဃာတော်များကို ချေမှုန်းခဲ့ပြီး အစိုးရအား ဆန့်ကျင်သည့်ရဟန်းတော်များအဖြစ် သတ်မှတ်ခံရသည့် ရဟန်းတော်များသည် အချုပ်အချယ်ဖြင့် သီတင်းသုံးစေခဲ့သော်လည်း နအဖ အစိုးရသည် ယေဘုယျအားဖြင့် ထေရဝါဒဗုဒ္ဓဘာသာကို မြှင့်တင်ပေးခဲ့ပါသည်။ အထူးသဖြင့် လူမျိုးစု၊ လူနည်းစုဒေသများတွင် သာသနာတော်ကို မြှင့်တင်ပေးခဲ့ပါသည်။ တစ်ခါတရံ ကိုးကွယ်ယုံကြည်မှုပြောင်းလဲရေးအတွက် ဖိအားပေးခြင်း သို့မဟုတ် စီးပွားရေး အကူအညီများပေးခြင်းမျိုး ရှိပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်လုံးတွင် အာဏာကိုချုပ်ကိုင်ထားသည့် အစိုးရတစ်ရပ်ရပ်အပေါ် ဗုဒ္ဓဘာသာယုံကြည်ကိုင်စွဲသည့် အသိုင်းအဝိုင်း၏ တရားဝင်အသိအမှတ်ပြုမှု လိုအပ်ပါသည်။ စစ်ဘက်နှင့် အရပ်ဘက်အစိုးရ ခေါင်းဆောင်များသည် ဤကဲ့သို့သော အလေ့အထကို ဆက်လက်ကျင့်သုံးကာ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့် ဘာသာရေး အခမ်းအနားမျိုးများတွင် လူသိရှင်ကြားပါဝင်ကြသည်။ ဗုဒ္ဓ၏သြဝါဒများကို အစိုးရအုပ်ချုပ်သည့်ကျောင်းများ၌ (စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသည့်) ဘာသာတရားအဖြစ် သင်ကြားပေးပါသည်။ "နေ့စဉ် ဘုရားရှိခိုးခြင်း"ကို ကျောင်းသားတိုင်း ပါဝင်ကြရပါသည်။ အချို့ကျောင်းများတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ကျောင်းသားများကို ဗုဒ္ဓဘာသာဝင်ကလေးများ ဘုရားဝတ်ပြုချိန်တွင် အခန်းတွင်းမှ ထွက်နေခွင့်ပြုသော်လည်း၊ အချို့ကျောင်းများတွင် ဘုရားရှိခိုးကို လိုက်ပါရွတ်ဆိုရပါသည်။ ထို့ပြင် မြန်မာစစ်ဘက်အသိုင်းအဝိုင်းသည် တစ်ဘက်တွင် ဘုရားပုထိုးများ အကြီးအကျယ် တည်ထားကြသော်လည်း ခရစ်ယာန်နှင့် မူဆလင်တို့ နေထိုင်ရာဒေသများရှိ ဘုရားဝတ်ပြုရာနေရာ၊ ဘုရားရှိခိုးကျောင်း စသည့် ဘာသာရေးအဆောက်အအုံများအား ဖြိုချဖျက်ဆီးခြင်း များရှိပါသည်။

**ဘာသာတရား ကိုးကွယ်ယုံကြည်မှု မတူကွဲပြားသည့် လူနည်းစုများအပေါ် တက်တက်ကြွကြွ နှိပ်ကွပ်နေခြင်း**

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစဉ်ကတည်းမှစ၍ အဆုံးမရှိဖြစ်ပျက်နေရသည့် ပဋ္ဌိပက္ခများကို ယနေ့အထိ ရင်ဆိုင်နေရပါသည်။ မြန်မာ့စစ်ဘက်အသိုက်အဝန်းသည် ယင်းတို့၏ အာဏာချုပ်ကိုင်ထားရှိမှုနှင့်ပတ်သက်ပြီး ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာသည်ဟုယူဆပါက မည်သည့်အစုအဖွဲ့ကိုမဆို ပြတ်ပြတ်သားသား သဘောထားတုံ့ပြန်ခဲ့ပါသည်။ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဘာသာရေးသက်ဝင်မှုသည် သိသာထင်ရှားသည့် အင်္ဂါရပ်များရှိပါက ဤသဘောထားကို ပြတ်ပြတ်သားသား ကျင့်သုံးခဲ့ပါသည်။ ယခင်နှစ်များအတွင်း လူနည်းစုကိုးကွယ်သောဘာသာများ အထူးသဖြင့် အစ္စလာမ်နှင့် ခရစ်ယာန်များသည် စစ်ဘက်ဆိုင်ရာအသိုင်းအဝိုင်း၏ ဆိုးရွားသည့် ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တွေ့ကြုံရင်ဆိုင်ခဲ့ကြရပါသည်။ အချို့ နယ်မြေဒေသများတွင် စစ်ဘက်ဆိုင်ရာ တပ်မှူးများသည် တိုင်းရင်းသားမျိုးနွယ်စုများ၊ ကိုးကွယ် ယုံကြည်မှုကွဲပြားသည့် လူမျိုးငယ်များအား အတင်းအဓမ္မ စစ်မှုထမ်းစေခဲ့ပါသည်။ ဤအတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်းအား ဆန့်ကျင်သောသူများသည် ရာဇဝတ်ပြစ်မှုများဖြင့် အရေးယူခြင်းခံရမည် သို့မဟုတ် ဒဏ်ရိုက်ခံရမည်ဟူ၍ ခြိမ်းခြောက်ခံကြရပါသည်။ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်းကို ငြင်းဆန်သည့်သူများအား ရိုက်နှက်ခြင်း၊ ဤကဲ့သို့ရိုက်နှက်ခြင်းကြောင့် အသက်ဆုံးရှုံးမှုများရှိခဲ့ကြောင်း စိတ်ချယုံကြည်လောက်သည့် အစီရင်ခံစာများ ရှိပါသည်။

ခရစ်ယာန်နှင့် မူဆလင်များအား ခရစ်ယာန် ဘုရားရှိခိုးကျောင်းများ၊ သခ္ခါင်းမြေများနှင့် မူဆလင်ဗလီများကို အတင်းအဓမ္မ ဖျက်သိမ်းခိုင်းပါသည်။ စစ်ပေါ်တာများအဖြစ် အဓမ္မခိုင်းစေခြင်းခံရပါသည်။ ဗုဒ္ဓဘာသာ ဘုရားပုထိုးစေတီများနှင့် ဘုန်းတော်ကြီးကျောင်းများအား ပြုပြင်ရန်၊ အသစ်တည်ဆောက်ရန်အတွက် အတင်းအဓမ္မ လုပ်အားပေးခိုင်းစေခြင်း ခံကြရပါသည်။ အစိုးရအရာရှိကြီးများက လူထုများအား ငွေကြေးများလှူဒါန်းကြရန် အတင်းဖိအားပေးခံကြရပါသည်။ အစိုးရမှဦးစီးဆောင်ရွက်သော ဗုဒ္ဓဘာသာရေးနှင့် ပတ်သက်သည့် ဂူပုထိုးများ၊ သာသနိကအထိမ်းအမှတ် အဆောက်အအုံများကို အသစ်တည်ထားရန်၊ ပြုပြင်ထိန်းသိမ်းကြရန် အတွက် ဘဏ္ဍာငွေ၊ အစားအသောက်၊ လုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး လှူဒါန်းကြရန် ဖိအားပေးခံကြရပါသည်။ ဤမျှသာမက ချင်းမျိုးနွယ်စုအမျိုးသမီးများ၏ အစီရင်ခံစာအရ ဘုရားရှိခိုးကျောင်း၏ ဝေယျာဝစ္စများဆောင်ရွက်သော အမျိုးသမီးများကို အဓမ္မခေါ်ဆောင်ပြီး မုဒိမ်းကျင့်ခြင်း၊ လိင်အရောင်းအရောင်းအဝယ်ပြုခြင်းများ ကျူးလွန်ကြောင်းသိရသည်။

## မြန်မာနှင့် ရိုဟင်ဂျာမူဆလင်များ

မြန်မာနိုင်ငံ ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များ၊ အတိအကျပြောရမည်ဆိုလျှင် လူနည်းစု ရိုဟင်ဂျာများသည် ဥပဒေ၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေးနှင့် လူမှုရေးအရ ခွဲခြားဆက်ဆံခံရသည့် ပြဿနာများကို ဆိုးဆိုးရွားရွား အဆက်မပြတ် တွေ့ကြုံနေကြရပါသည်။ မြန်မာနိုင်ငံအစိုးရသည် ရိုဟင်ဂျာများကို မြန်မာနိုင်ငံသားများအဖြစ် အသိအမှတ်ပြုလက်ခံခြင်း မပြုခဲ့ပါ။ အဘယ့်ကြောင့် ဆိုသော် ရိုဟင်ဂျာများ၏ မိဘဘိုးဘွားများသည် ဗြိတိသျှကိုလိုနီအုပ်စိုးမှု စတင်ချိန်၌ မြန်မာနိုင်ငံအတွင်း "အခြေချ ရပ်တည်နေထိုင်ခဲ့ခြင်း မရှိသောကြောင့်"ဟု ဆိုပါသည်။ ခန့်မှန်းခြေအားဖြင့် မြန်မာနိုင်ငံအတွင်းတွင် ရိုဟင်ဂျာ ၈၀၀၀၀၀ ခန့်ရှိနေပြီး အများစုမှာ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေ၊ ရသေ့တောင်၊ ကျောက်တော် စသည့်မြို့များ၌ နေထိုင်ကြပါသည်။

နိုင်ငံသားအဖြစ် အသိအမှတ်ပြုခံရခြင်း မရှိကြသည့်အတွက် ရိုဟင်ဂျာများသည် အစိုးရကျောင်းများ၌ အထက်တန်းအဆင့် ပညာသင်ခွင့်မရကြ၊ အစိုးရ၏ နိုင်ငံသားစိစစ်ရေးကတ်များ မရရှိကြပေ။ ဘာသာရေးလွတ်လပ်ခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လူပ်ရှားခွင့်များနှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို ရင်ဆိုင်နေကြရပါသည်။ အချို့သော ရိုဟင်ဂျာများသည် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်မရှိခြင်း၊ မြို့နယ်အချို့တွင်သာ နေထိုင်ခွင့်ရခြင်း၊ အစိုးရအရာရှိများအဖြစ် အမှုထမ်းခွင့်မရခြင်း စသည့် ကန့်သတ်ချုပ်ချယ်မှုများအောက်တွင် နေထိုင်ကြရကြောင်း ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်များက ဆိုပါသည်။ ၁၉၈၈ ခုနှစ်ခန့်ကတည်းကပင် အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ အချို့သောကျေးရွာများတွင် ကျင်းပပြုလုပ်သည့် မူဆလင် လက်ထပ်ပွဲအခမ်းအနားများကို ပြင်းပြင်းထန်ထန် ကန့်သတ်ချုပ်ချယ်ခဲ့ပါသည်။ ဤကန့်သတ်ချုပ်ချယ်မှုများကို ဖယ်ရှားရန်ကြိုးပမ်းသော်လည်း မအောင်မြင်ခဲ့ပေ။ စစ်တွေမြို့နယ်အတွင်း မွေးဖွားလာကြသည့် ကလေးများအတွက် မွေးစာရင်းရရန်ပင် အခက်အခဲများရှိကြောင်း သိရှိရပါသည်။

နေရာတစ်နေရာတွင် စုဝေးခွင့်ရှိသည့် မူဆလင်များ၏အရေအတွက်ကို ရဲတပ်ဖွဲ့က မကြာခဏကန့်သတ်ပါသည်။ အချို့နေရာများကို မူဆလင်တို့၏အရေးပါသောအားလပ်ရက်များ၌ ဘုရားဝတ်ပြုရန်နှင့် ဘာသာရေးသင်တန်းများ ပို့ချပေးရန်အတွက်သာ ခွင့်ပြုခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်းတွင် ရဲနှင့် နယ်ခြားစောင့်တပ်များက မူဆလင်ဗလီကျောင်းများကို အမြဲ စစ်ဆေးပါသည်။ အကယ်၍ မူဆလင် ဗလီတစ်ခုသည် တရားဝင် အဆောက်အအုံခွင့်ပြုမိန့် မပြသနိုင်ပါက ယင်းနေရာအား ပိတ်ပစ်ခြင်း သို့မဟုတ် ဖျက်ဆီးပစ်ခြင်းခံကြရပါသည်။ များမကြာမီနှစ်များအတွင်းက ဗလီများ၊ ဘာသာရေးဌာနများ၊ စာသင်ကျောင်းကို ဖျက်ဆီးရန် အစိုးရက ညွှန်ကြားခဲ့ပါသည်။ ဤအစီရင်ခံစာများ ရေးသားနေသည့်ကာလများအတွင်း မြန်မာစစ်ဘက်ဆိုင်ရာ အသိုက်အဝန်းသည် ရခိုင်ပြည်နယ်ရှိ အချို့ဒေသများ၌ မူဆလင်ကင်းမဲ့ဇုန်များ ဖန်တီးရန် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။ စစ်ဘက်ဆိုင်ရာအရာရှိကြီးများသည် မူဆလင်ဗလီများနှင့် ကျမ်းစာသင်ကျောင်းများကိုပိတ်ပစ်ခဲ့ကြပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ၏ ဆူပူမှုများကို မီးထိုးပေးခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ဦးမှ မနေထိုင်သောဒေသများတွင် ဘုရားစေတီများ တည်ဆောက်ခဲ့သည်။ အဆိုပါကိစ္စများဆောင်ရွက်ကြသည့်အခါ ပတ်ဝန်းကျင်ရှိလူထုများအား အဓမ္မလုပ်အားပေးခိုင်းစေပါသည်။ စစ်ဘက်အာဏာပိုင်များသည် ဤဒေသရှိ တိုင်းရင်းသားလူမျိုးစုများအား ဗုဒ္ဓဘာသာသို့ သက်ဝင်ယုံကြည်လာကြစေရန် လှုံ့ဆော်နိုးပေးကမ်းခြင်း၊ တံစိုးလက်ဆောင်များပေးခြင်း၊ အလုပ်အာမခံချက်များပေးခြင်း၊ မူဆလင် ကလေးသူငယ်များ ကျောင်းနေခွင့်ရရန် အာမခံချက်ပေးခြင်း စသည့် အပေးအယူများ လုပ်ခဲ့ကြောင်း ဒုက္ခသည်များက ဆိုသည်။ မြန်မာစစ်ဘက်အာဏာပိုင်များသည် ရှေးယခင်ကတည်းကပင် မူဆလင်လူနည်းစု တိုင်းရင်းသားများအား ဆန့်ကျင်သည့် လူမျိုးရေးအမိကရုဏ်းများကို လှုံ့ဆော်ပေးခဲ့ပါသည်။ ယင်းလှုံ့ဆော်မှုများတွင် ရိုဟင်ဂျာများနှင့် တရုတ်ပန်းသေးမူဆလင်များကို ဦးတည်ခဲ့သည်။

ခန့်မှန်းခြေအားဖြင့် မူဆလင်ရိုဟင်ဂျာ ၃၀၀၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်ကြပါသည်။ အဆိုပါရိုဟင်ဂျာများသည် ညစ်ပတ်စုတ်ချာလှသည့် နေရာများတွင် နေထိုင်ကြရပြီး အဆင့်

အတန်း ခွဲခြားဆက်ဆံခံရခြင်း၊ လူကုန်ကူးခံရခြင်းနှင့် အခြားအခက်အခဲအမျိုးမျိုးတို့ကိုလည်း တွေ့ကြုံနေကြရပါသည်။ ဘင်္ဂလားဒေ့ရှ်မှ နေရင်းမြန်မာနိုင်ငံသို့ အတင်းအဓမ္မပြန်ပို့ခြင်းများကို ရင်ဆိုင်နေကြရပါသည်။ ထိုင်းနိုင်ငံကလည်း နိုင်ငံရေးခိုလှုံခွင့်ရရန် ထွက်ခွာလာကြသော လှေစီး ရိုဟင်ဂျာများအား ပင်လယ်တွင်းသို့ ပြန်လည်မောင်းထုတ်ပါသည်။ မကြာမီက ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် နေထိုင်ကြသော ရိုဟင်ဂျာ ၉၀၀၀ ခန့်ကို နေရင်းမြန်မာနိုင်ငံသို့ ပြန်ပို့မည်ဟု ဘင်္ဂလားဒေ့ရှ်ဘက်ကကြေညာခဲ့သည်။ မြန်မာအစိုးရသစ်က မှတ်ပုံတင်ထားသည့် ရိုဟင်ဂျာဒုက္ခသည်များကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာတွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် သဘောတူထားပါသည်။

၂၀၁၁ ခုနှစ် မတ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်က ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံစာတင်သွင်းခဲ့ပြီး ၎င်းသည် "မြန်မာနိုင်ငံအတွင်းရှိ မူဆလင်အသိုက်အဝန်းတစ်ခုလုံး ရင်ဆိုင်တွေ့ကြုံနေရသည့် စနစ်တကျနှင့် ဖြစ်ပွားလေ့ရှိသော ခွဲခြားဆက်ဆံခြင်းခံရသည့် အခြေအနေများကို စိုးရိမ်ပူပန်ကာ ယင်းအခြေအနေများကြောင့် မူဆလင်များသည် ၎င်းတို့၏ မွေးရာပါနှင့် အခြေခံကျသော လူ့အခွင့်အရေးများကို အငြင်းပယ်ခံနေကြရသည်"ဟု အစီရင်ခံစာတွင် ဖော်ပြပါသည်။ လေ့လာတွေ့ရှိရသည့် စိုးရိမ်ဖွယ်အချက်များမှာ မူဆလင်များ၏ သွားလာလှုပ်ရှားမှုများကို ချုပ်ချယ်ကန့်သတ်ထားခြင်း၊ လက်ထပ်ထိမ်းမြားခွင့်များကို ကန့်သတ်ထားခြင်း၊ ကျိုးကြောင်းဆီလျော်မှုမရှိသည့် အခွန်ငွေများ ပေးဆောင်နေရခြင်း၊ မြေယာများကို တရားလက်လွတ်သိမ်းယူခံနေရခြင်း၊ ကိုယ်ပိုင်မြေယာများအပေါ်မှ နှင်ထုတ်ခံနေရခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မရရှိရန် ကန့်သတ်ခံရခြင်း၊ အစားအစာနှင့်သင့်လျော်သည့် နေအိမ်များ မရရှိခြင်း၊ အဓမ္မ လုပ်အားပေးခိုင်းစေခံနေရခြင်းနှင့် မူဆလင်ထုံးစံအရ လက်ထပ်ထိမ်းမြားခြင်းများကို ကန့်သတ်ချုပ်ချယ်ထားခြင်းတို့ ဖြစ်ပါသည်။

**လူနည်းစုတိုင်းရင်းသားခရစ်ယာန်များအား ဦးတည်တိုက်ခိုက်ခြင်းများ**

ပြင်းထန်မှုနည်းပါးသည့် ပဋိပက္ခများ ဆယ်စုနှစ်နှင့်ချီ၍ ဖြစ်ပွားနေသော ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားလူနည်းစုခရစ်ယာန်များသည် ဘာသာရေးလွတ်လပ်မှုများကို ထိပါးသည့် အခြေအနေများကို ဆိုးဆိုးရွားရွား ရင်ဆိုင်ကြရပါသည်။ မြန်မာ့စစ်ဘက်အာဏာပိုင်များသည် ဘာသာရေးဝတ်ပြုရာနေရာများကို ဖျက်ဆီးပစ်ကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ရေးကို တက်တက်ကြွကြွ တိုးမြှင့်ဆောင်ရွက်ခြင်း၊ မြေယာများကို အတင်းအဓမ္မ သိမ်းယူခြင်း၊ အဓမ္မအလုပ် စေခိုင်းခြင်း၊ မုဒိမ်းပြုကျင့်မှုကို စစ်ပွဲနှင့် ခြိမ်းခြောက်မှုကိရိယာအဖြစ် ကျင့်သုံးခြင်းများကို ပြုလုပ်ခဲ့ပါသည်။ သင့်တော်သည့်အရေအတွက်ရှိသော ခရစ်ယာန်ဘာသာဝင် လူဦးရေ အတော်အတန်များပြားသော ချင်း၊ နာဂ၊ ကချင်၊ ရှမ်း၊ ကရင်နှင့် ကရင်နီ စသည့် လူမျိုးနွယ်စုများသည် အထက်တွင်ဖော်ပြခဲ့သည့် ချိုးဖောက်မှုများကို ခံနေကြရပါသည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီအတွင်းတွင် အရပ်သားအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (ကေအင်အန်ယူ)တို့သည် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ခု ရရှိခဲ့ပါသည်။ ထိုအချက်သည် ကာလအရှည်ကြာဆုံးဖြစ်သည့် အသက်သွေးများစွာ ဆုံးရှုံးခဲ့ရသော တိုင်းရင်းသားပုန်ကန်မှုကြီးတစ်ခု ယာယီအားဖြင့် နိဂုံးချုပ်သွားခြင်းဖြစ်ပါသည်။ တစ်ဖက်၌မူ အခြားတိုင်းရင်းသားမျိုးနွယ်စုဒေသများတွင် အစိုးရစစ်ဆင်ရေးများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် ဇွန်အတွင်း၌ စစ်အစိုးရသည် ကေအိုင်အို (ကချင်)၏ လက်နက်ကိုင်တပ်ဖွဲ့ ဖြစ်သည့် ကေအိုင်အေတို့နှင့် ထားရှိသည့် ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးကို အဆုံးသတ်ခဲ့သည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်၏ "၂၀၁၁ ခုနှစ် စက်တင်ဘာ၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ"တွင် လက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသားမျိုးနွယ်စု ဘာသာရေးအစုအဖွဲ့များအား အမြဲခြိမ်းခြောက်နေပြီး ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ လိင်အကြမ်းဖက်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်မှုများ၊ ဒေသတွင်း နေရာပြောင်းရွှေ့မှုများ၊ အတင်းအဓမ္မ မြေယာသိမ်းယူမှုများ၊ ကလေးစစ်သားစုဆောင်းမှုများ၊ အဓမ္မလုပ်အားပေးစေခိုင်းမှုများနှင့် စစ်ပေါ်တာဆွဲမှုများပါဝင်သည့် ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အမြဲဖြစ်ပေါ်နေစေခဲ့သည်ဟု ပါရှိသည်။ ထိုင်းနိုင်ငံအခြေစိုက် ကချင်အမျိုးသမီးများ အဖွဲ့ချုပ်၏

အဆိုအရ လူဦးရေ ၂၅၀၀၀ နှင့် ၅၀၀၀၀ အကြားရှိ တိုင်းရင်းသားအမျိုးသားများသည် မိမိတို့၏ နေရင်းဇာတိကျေးရွာများကို စွန့်ခွာခဲ့ကြရပြီး နိုင်ငံတွင်းရွှေ့ပြောင်းနေထိုင်သူများအဖြစ် တရုတ်–မြန်မာနယ်စပ်တစ်လျှောက်ရှိ ယာယီစခန်းများတွင် နေထိုင်နေကြရကြောင်း၊ အချို့မှာ တောတွင်း၌ ပုန်းအောင်းနေရကြောင်းများ သိရသည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ခရစ်ယာန်များ သွေးစည်းညီညွတ်ရေးအဖွဲ့ချုပ်မှ စုဆောင်းရယူသည့် သတင်းရင်းမြစ်များအဆိုအရ ကချင်ပြည်နယ်အတွင်းတွင်ပြုလုပ်သော စစ်ဆင်ရေးများသည် ချင်းခရစ်ယာန် ဘုရားရှိခိုးကျောင်းများနှင့် ကိုးကွယ်ယုံကြည်သူများကို ပစ်မှတ်ထားလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာတွင် ခြေမြန်တပ်ရင်း–၄၃၈ မှ စစ်သားများသည် နမ့်ဆမ်းယန်ရွာတွင် ရိုမန်ကက်သလစ် ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို စီးနင်းခဲ့ပါသည်။ ဤကျေးရွာသည် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် တည်ရှိပါသည်။ အစိုးရစစ်သားများသည် ဘုရားရှိခိုးကျောင်းအတွင်းသို့ ပစ်ခတ်ခဲ့ကြသည်။ ခရစ်ယာန်သင်းအုပ်ဆရာ၏ လက်ထောက်ဖြစ်သော Jangma Awg Li ကို ရိုက်နှက်ကြပါသည်။ ထိုသူနှင့် အခြားသူလေးယောက်ကို စစ်သားများက လက်ပြန်ကြိုးတုပ်၍ ဖမ်းဆီးပါသည်။ များမကြာမီ အဆိုပါတပ်ရင်းနှင့် ခြေမြန်တပ်ရင်း–၁၂၁ မှ စစ်သားများ ပူးပေါင်း၍ ကျေးရွာအတွင်းသို့ ဆက်လက်ချီတက်ကြပြီး နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်းတွင် စခန်းချရပ်နားကာ လုယက်ယူငင်ကြပြီး မီးရှို့ပစ်ခဲ့ကြပါသည်။ ကျေးရွာသူကျေးရွာသားများအား အလုပ်ကြမ်းများခိုင်းရန် ခေါ်ဆောင်သွားခဲ့ကြပါ သည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် မြန်မာစစ်သားများသည်ကချင်ပြည်နယ်အတွင်းရှိ ဘုရားရှိခိုးကျောင်းတစ်ကျောင်းအတွင်းသို့ ချီးဖောက်ဝင်ရောက်ခဲ့ကြပါသည်။ ဘုရားရှိခိုးကျောင်းကို မီးရှို့ကာ ရှိသမျှပစ္စည်းများကို လုယက်ယူငင်ခဲ့ကြပါသည်။ သိက္ခာတော်ရ Yajawng Hkawng ကို ပြင်းပြင်းထန်ထန် ရိုက်နှက်ပြီး ဘုရားကျောင်းတွင်ရှိသော လူ ၅၀ ကို အလုပ်ကြမ်းခိုင်းရန်အတွက် ပြန်ပေးဆွဲသွားပါသည်။ အဖမ်းခံရသူများတွင် ပါဝင်သည့် အသက် ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မတော်မတရားပြုကျင့်ခဲ့ကြပြီး သတ်ပစ်ခဲ့ပါသည်။

ထို့ပြင် ကမ္ဘာ့ခရစ်ယာန်အဖွဲ့ချုပ် (CSW) ၏ သတင်းရင်းမြစ်များအရ မြန်မာအစိုးရတပ်ဖွဲ့များသည် မန်ဝင်းရွာရှိ Banggaw ကချင်နှစ်ခြင်းဘုရားရှိခိုးကျောင်း၏ သိက္ခာတော်ရဆရာ Gam Aung ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၇ တွင် ဖမ်းဆီးသွားခဲ့ကြပါသည်။ ဒေသခံများ၏အဆိုအရ မည်သည့်အကြောင်းကြောင့် ဖမ်းဆီးသွားရကြောင်းနှင့် ဘုန်းတော်ကြီးအား မည်သို့ခေါ်သွားကြောင်း မည်သူမျှမသိရပါ။ ယခုကဲ့သို့ပင် ဝိုင်းမော်မြို့နယ်အတွင်းရှိ Muk Chyuk ရွာ၏ လက်ထောက် သင်းအုပ်ဆရာဖြစ်သော သိက္ခာတော်ရဆရာ Shayu Lum Hkawng သည်လည်း မြန်မာစစ်တပ်၏ ပြင်းပြင်းထန်ထန် နှိပ်စက်ညှဉ်းပန်းခြင်းကိုခံခဲ့ရပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အသက်ဆုံးပါးသွားပါသည်။ ၎င်းသည် အဆိုပါ ရက်သတ္တပတ် အစောပိုင်းတွင် သိက္ခာတော်ရဆရာ Lun Hkawng နှင့်အတူ အဖမ်းခံရခြင်းဖြစ်သည်။ Lun Hkawng မည်သည့်အရပ်တွင် ရောက်ရှိနေကြောင်းကိုမူ ယခုထက်တိုင် မသိရပါ။

ကချင်ပြည်နယ်အတွင်းတွင် ဘာသာရေးယုံကြည်မှုရှိသူများ မစုစည်းနိုင်စေရန်အတွက် မြန်မာစစ်တပ် တပ်မှူးများက ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် သမ္မာကျမ်းစာများဖတ်ရှုခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဆုတောင်းပွဲများကျင်းပခြင်းနှင့် မယ်တော် မေရီနှင့်ပတ်သက်၍ ဝတ်ပြုဆုတောင်းခြင်းတို့ ပြုလုပ်ရာတွင် ၁၅ ရက် ကြိုတင်၍ ခွင့်တောင်းရန် စည်းကမ်းသစ်များထုတ်ပြန်သည်။ တိုင်းရင်းသားလူနည်းစုဒေသအများစုတွင် တနင်္ဂနွေနေ့ ဝတ်ပြုပွဲမှတစ်ပါး လူငါးဦးထက်ပိုသည့်တွေ့ဆုံမှုများအတွက် ခွင့်ပြုမိန့်များ ရယူကြရပါသည်။ ဤစည်းကမ်းချက်များသည် လူအများနှင့် သီးခြားဘာသာရေး ဥပုသ်သီလစောင့်ထိန်းမှု အားလုံးအတွက် အကျုံးဝင်ပါသည်။

အစိုးရက ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သည့် ကျောင်းသားများကိုသာ တက်ရောက်ခွင့်ပြုသည့် အစိုးရအထက်တန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ပေးထားကြောင်း ချင်းခရစ်ယာန်များက ဆိုသည်။ ယင်းကျောင်းတွင် တက်ရောက်လိုသည့်ကျောင်းသားများသည် ဗုဒ္ဓဘာသာသို့ ပြောင်းလဲကိုးကွယ်ကြရပြီး အဆိုပါကျောင်းသားများ ပညာရေးပြီးဆုံးသည့်အခါ အလုပ်အကိုင်ရရှိရန် အာမခံပါသည်။ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာပါက စီးပွားရေးအကူအညီပေးမည်၊ သို့မဟုတ်ပါက အစိုးရအလုပ်များအတွက် ငြင်းပယ်ခံရမည်ဆိုသောကိစ္စရပ်များ လွန်ခဲ့သောနှစ်များအတွင်း လျှောနည်းသွားသည်ဟုဆိုသော်လည်း ဆက်လက်ရှိနေသေးကြောင်း ဒုက္ခသည်များကဆိုသည်။ ဗုဒ္ဓဘာသာသို့ ပြောင်းလဲကိုးကွယ်ရန် သဘောတူထားကြသည့် ချင်းမိသားစုများအား ငွေကြေးနှင့်ရုပ်ဝတ္ထုအကူအညီများ ပေးကြပါသည်။ အဓမ္မအလုပ်ခိုင်းစေမှုများမှ ကင်းလွတ်ခွင့်ရကြပါသည်။ မြန်မာဗုဒ္ဓဘာသာဝင် စစ်သားများသည် ချင်းအမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားနိုင်ပြီး ချင်းအမျိုးသမီးဇနီးသည်အား ဗုဒ္ဓဘာသာဝင်အဖြစ် ပြောင်းလဲလာစေနိုင်မည်ဆိုပါက ငွေကြေးအကူအညီနှင့် ဘဝတက်လမ်းအတွက် အကူအညီများ ရနိုင်ကြပါသည်။

စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများပူးပေါင်းပြီး ၎င်းတို့၏ကျေးရွာများအတွင်းရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများကို ပိတ်ပစ်ကြပါသည်။ သက်ဆိုင်ရာကျေးရွာရှိ ဗုဒ္ဓဘာသာမဟုတ်သူများကို ဗုဒ္ဓဘာသာသို့ ပြောင်းလဲကိုးကွယ်ရန် ဖိအားပေးခဲ့ကြကြောင်း မြန်မာနိုင်ငံအား စွန့်ခွာထွက်ပြေးခဲ့ကြသည့် နာဂဒုက္ခသည်များက ပြောပြကြသည်။

**မြန်မာပရိုတက်စတင့် ခရစ်ယာန်ဘာသာဝင်များ၏ နေအိမ်ဘုရားရှိခိုးကျောင်းများအား ဖိအားပေး၍ ပိတ်စေခြင်း**

မြန်မာနိုင်ငံအတွင်းရှိ ခရစ်ယာန်ဘာသာဝင်အစုများသည် ဘုရားရှိခိုးကျောင်းများတည်ဆောက်ရန်၊ လူအများပါဝင်သော ဘာသာရေးအခမ်းအနား၊ ပွဲလမ်းသဘင်များကျင်းပရန်နှင့် ဘာသာရေးစာပေများ တင်သွင်းရန်တို့အတွက် ခွင့်ပြုချက်များရရှိရန် ကြိုးပမ်းကြရာတွင် အခက်အခဲအမျိုးမျိုးနှင့် အမြဲတွေ့ကြုံကြရစမြဲပင် ဖြစ်ပါသည်။ ရန်ကုန်ရှိ ဆင်ခြေဖုံးအချို့ဒေသများတွင် ရဲများက မြန်မာခရစ်ယာန်များစုဝေး၍ ဘုရားရှိခိုးခြင်းနှင့် ဘာသာရေးသင်တန်းပို့ချခြင်းတို့ကို အကြိမ်ရေ အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည်။

၂၀၀၈ ခုနှစ် အစောပိုင်းတွင် အစိုးရက ဘာသာရေးအတွက် တရားဝင်သတ်မှတ်ထားသော နေရာများမဟုတ်သည့် အိမ်များ၊ ဟိုတယ်များ သို့မဟုတ် စားသောက်ဆိုင်များတွင် ဘာသာရေးဆိုင်ရာ တွေ့ဆုံမှုများကို တားမြစ်ကြောင်း ကြေညာခဲ့သည်။ မြန်မာခရစ်ယာန်များက အစိုးရ၏တားမြစ်ချက်ကြောင့် နိုင်ငံအတွင်းရှိ ခရစ်ယာန်များစုဝေးရာ၊ ဝတ်ပြုဆုတောင်းရာနေရာ၏ ၈၀ ရာခိုင်နှုန်းကို ပိတ်ခဲ့ရနိုင်သည်ဟူ၍ ဆိုသည်။ အစိုးရသည် ဘုရားရှိခိုးကျောင်းများ အသစ်တည်ဆောက်ရန် အမြဲ ငြင်းဆိုခဲ့သောကြောင့် လွန်ခဲ့သော ဆယ်စုနှစ်အတွင်းတွင် နေအိမ်ဘုရားကျောင်းများ တိုးများလာခဲ့ပါသည်။ ၂၀၀၉ ခုနှစ်အတွင်းတွင် စစ်အစိုးရက စည်းမျဉ်းစည်းကမ်းများ ပို၍တင်းကြပ်ရန် ခြေလှမ်းသစ်များ လှမ်းလာခဲ့ပါသည်။ ဘုရားရှိခိုးကျောင်းပေါင်း ၁၀၀ နှင့် ရန်ကုန်မြို့အတွင်းရှိ ဘာသာရေးအရ စုဝေးရာနေရာများ၌ ဘာသာရေးအခမ်းအနားများ ကျင်းပခြင်းမပြုရန် အမိန့်ထုတ်ခဲ့ပါသည်။ ပရိုတက်စတင့် ခရစ်ယာန်ခေါင်းဆောင်များက အစိုးရ၏အမိန့်ကို နာခံမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရပါသည်။ မန္တလေးမြို့ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ ပိတ်ပစ်စေကြောင်း ထပ်မံသိရှိရသည်။ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို ဖျက်သိမ်းပစ်ရန် အစိုးရ၏ဖိအားပေးမှုများသည် ၂၀၀၈ ခုနှစ် မေအတွင်း ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ဒုက္ခသည်များအား လူသားချင်းစာနာသည့် အကူအညီများပေးခဲ့ခြင်းကြောင့် ဖြစ်လာရသည်ဟု မြန်မာခရစ်ယာန်များက ယုံကြည်ကြသည်။ မုန်တိုင်းကြီးဖြစ်ပြီးနောက်ပိုင်းတွင် စစ်အစိုးရသည် လူသားချင်းစာနာသည့်အကူအညီများပေးသည့် အချို့သော ဘာသာရေးနှင့် ပရဟိတအဖွဲ့များ၊ အထူးသဖြင့် နိုင်ငံခြားအကူအညီများကို ကူညီဖြန့်ဖြူးပေးသည့်အဖွဲ့များအား ဖိအားပေးပြီး ပိတ်ပစ်လိုက်ပါသည်။ တွေ့ဆုံဆွေးနွေးသည့်နေရာများ၊ ပရဟိတလုပ်ငန်းများကို ကန့်သတ်ခဲ့သည့်အပြင် အချို့သောဒေသများ၊ အထူးသဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးဒဏ်ကို အပြင်းထန်ဆုံး ခံလိုက်ကြရသည့်ဒေသများ၌ ပရိုတက်စတင့် ခရစ်ယာန်ဂိုဏ်းက ဒေသခံများ၊ ၎င်းတို့၏

ဘာသာရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်ရန် ဆွဲဆောင်စည်းရုံးမှုများကို စစ်အစိုးရက တားမြစ်ခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်တွင် အချို့သော ဒေသဆိုင်ရာအာဏာပိုင်များသည် တစ်ခါတစ်ရံ မြို့သစ် သို့မဟုတ် ကျေးရွာသစ်များသို့ ပြောင်းရွှေ့လိုကြသည့် ခရစ်ယာန်ဘုန်းတော်ကြီး များ၏ နေထိုင်ခွင့်လက်မှတ်များကို ခွင့်မပြုဘဲ ငြင်းဆန်ခဲ့ကြပါသည်။

**အမေရိကန်ပေါ်လစီ**

အမေရိကန်ပြည်ထောင်စု၊ နိုင်ငံတကာအသိုက်အဝန်းနှင့် မြန်မာနိုင်ငံအစိုးရတို့၏ ထိတွေ့ဆက်ဆံမှုများသည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာအတွင်း ဒေါ်အောင်ဆန်းစုကြည်အား လွှတ်ပေးလိုက်သည့်အချိန်မှစ၍ ချက်ချင်း တိုးတက်သွားခဲ့ပါသည်။ ဤထိတွေ့ဆက်ဆံမှုများထဲတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်အဖြစ် ဒဲရက်မစ်ချယ်လ်အား အမည်စာရင်းတင်သွင်းခြင်းတို့လည်း ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံနှင့် ပုံမှန်သံတမန်ဆက်ဆံရေးများ ပြန်လည်ပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ဤသည်မှာ ယခင်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်ခဲ့သူ သမ္မတကြီးဦးသိန်းစိန်နှင့် သူ့အရပ်သားအစိုးရက ဆောင်ရွက်ခဲ့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကြောင့် ဖြစ်ပါသည်။ အမေရိကန်သည် မြန်မာနိုင်ငံအစိုးရနှင့် သံတမန်ဆက်ဆံရေးများ ရှိသော်လည်း မြန်မာနိုင်ငံ၌ ၁၉၉၂ ခုနှစ်ကတည်းကပင် အမေရိကန်သံအမတ်ကြီး မရှိခဲ့ပါ။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီအတွင်း နိုင်ငံခြားရေးဝန်ကြီးကလင်တန်က "လူကုန်ကူးမှုခံရသည့်သူများအား ကာကွယ်သည့်ဥပဒေ"ကို အခြေခံပြီး ချမှတ်ခဲ့သည့် ကန့်သတ်ချက်တချို့ကို လျှော့ပေါ့ပေးသည့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါလျှော့ပေါ့မှုများကြောင့် နိုင်ငံတကာငွေကြေးအဖွဲ့အစည်းကြီးများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့များ၏ အကန့်အသတ်ရှိသည့် နည်းပညာအထောက်အပံ့များ၊ ပကတိအခြေအနေများကို လေ့လာဆန်းစစ်သည့် လုပ်ငန်းများအတွက် အမေရိကန်အစိုးရအနေဖြင့် လိုအပ်သည့်အကူအညီများ ပေးခွင့်ရမည်ဖြစ်ပါသည်။

ဦးသိန်းစိန်အစိုးရက ဆောင်ရွက်ခဲ့သောခြေလှမ်းများကို ကြိုဆိုသော်လည်း ထိုခြေလှမ်းများသည် မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ထားသော စီးပွားရေးနှင့် အခြားသောပိတ်ဆို့မှုများကို ပေးရှားပေးနိုင်ရန်အတွက်မူ မလုံလောက်သေးချေ။ ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး တည်မြဲပြီဟု အသိမှတ်ပြု မပြောဆိုသေးသရွေ့ အမေရိကန်ပြည်ထောင်စုသည် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားရန် မစဉ်းစားကြောင်း အိုးဘားမားအစိုးရအဖွဲ့ဝင် အရာရှိကြီးများနှင့် အထက်လွှတ်တော်ခေါင်းဆောင်များအပါအဝင် အမေရိကန်နိုင်ငံရေးနှစ်ပါတီလုံးက ကျယ်ကျယ်ပြန့်ပြန့် သဘောတူထားကြသည်။

အခြားအရေးကြီးသော စံနှုန်းများမှာ နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ လွှတ်ပေးရေး၊ အပစ်အခတ်ရပ်စဲရေးဆောင်ရွက်ကာ အမျိုးသားပြန်လည်သွေးစည်းရေးအတွက် တိုင်းရင်းသားအားလုံးနှင့်အတူ အနှစ်သာရပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ရေး၊ လွတ်လပ်တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကျင်းပပေးခြင်းနှင့် လွတ်လပ်စွာ တွေးခေါ်၊ ယုံကြည်၊ ကိုးကွယ်ခွင့်ရရှိကာ လွတ်လပ်စွာ စုဝေးပြောဆို ဖွဲ့စည်းခွင့်ပေးခြင်းတို့ ပါဝင်သော နိုင်ငံရေးနှင့် အရပ်ဘက်လူပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခွင့်ပေးရေးတို့ပင် ဖြစ်သည်။ ထို့ပြင် မြန်မာစစ်တပ်နှင့် မြောက်ကိုရီးယားတို့၏ ဆက်ဆံရေးနှင့် စစ်ရေးလှုပ်ရှားမှု တိုးတက်လာမည့်အခြေအနေများကို စိုးရိမ်ကြောင်း အိုဘားမားအစိုးရက ထုတ်ဖော်ပြောကြားထားသည်။

မြန်မာအစိုးရ ပြုပြင်ပြောင်းလဲမှုများကို မဖော်ဆောင်မီကပင် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်သည့် အဆိုပြုချက်ကို ထောက်ခံကြောင်း ဖော်ပြခဲ့သည်။ အဆိုပါအကြံပြုချက်မှာ ယခင်အစိုးရဟောင်း၏ အစိုးရခေါင်းဆောင်များနှင့် စစ်ခေါင်းဆောင်များ

မြန်မာနိုင်ငံအတွင်းတွင် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေများကို ချိုးဖောက်ခြင်း ရှိ၊ မရှိ ဖော်ထုတ်ရန်အတွက် စုံစမ်းရေးကော်မရှင်တစ်ခုကို ကုလသမဂ္ဂမှဖွဲ့စည်းစုံစမ်းရန် အဆိုပြုချက်ပင်ဖြစ်ပါသည်။ အစိုးရသစ်၏ ပြုပြင်ပြောင်းလဲမှုများ မစတင်မီခင်ကထက် နေးကွေးသော်လည်း ယင်းကဲ့သို့သော စုံစမ်းရေးကော်မရှင်တစ်ခု ဖွဲ့စည်းရေးအတွက် ထောက်ခံကာ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိသည်။ ယင်းကော်မရှင်သည် ပြုပြင်ပြောင်းလဲမှု ဆက်လက်ဖြစ်ပေါ်လာစေရန် တွန်းအားပေးပြီး လူ့အခွင့်အရေးချိုးဖောက်သူများကို စုံစမ်းဖော်ထုတ်နိုင်မည့် နိုင်ငံတကာအသိုက်အဝန်း၏ အရေးပါသောကိရိယာသဖွယ် ဖြစ်လာနိုင်ကြောင်း အတိုက်အခံအင်အားစုများအပါအဝင် အင်နဂျီအိုများနှင့် မြန်မာ့အရေးကျွမ်းကျင်သူများက ဆိုသည်။

**အကြံပြုဆွေးနွေးချက်များ**

အမေရိကန်ခေါင်းဆောင်မှုသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြည့်ပြည့်ဝဝကူးပြောင်းရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို နိုဂုံးချုပ်ရေးနှင့် မြန်မာနိုင်ငံအတွင်း ဘာသာရေးလွတ်လပ်မှုများ တိုးမြင့်လာစေရေးတို့ အပ်ချမတ်ချဖြစ်ပေါ်လာစေရန်အတွက် အရေးပါလှသည်။ စံတင်လောက်ဖွယ် ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုများသည် တိုင်းရင်းသားလူနည်းစုဒေသများတွင် ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံ၏ CPC အဆင့်အတန်းကို ထိန်းသိမ်းထားသင့်ပါသည်။ အမေရိကန်ပြည်ထောင်စုသည် သီးခြားပစ်မှတ်ထား၍ ပိတ်ဆို့ထားသော အရေးယူပိတ်ဆို့မှုများကို ဆက်လက်ထားရှိကာ အမျိုးမျိုးသော ကုလသမဂ္ဂလုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ခြင်းကို ဆက်၍ထားရှိရပါမည်။ အလားတူပင် ဒေသတွင်းရှိ မဟာမိတ်များ၊ အထူးသဖြင့် အရှေ့တောင်နှင့် တောင်အာရှမှ ဒီမိုကရေစီနိုင်ငံများ၏ သံတမန်လုပ်ငန်းများနှင့်လည်း ပူးတွဲဆောင်ရွက်ကြရပါမည်။ မြန်မာနိုင်ငံအစိုးရကို ပေးအပ်သွားမည့် အနာဂတ် သံတမန်ဆက်ဆံရေးနှင့် စီးပွားရေး အကူအညီများသည် တိကျခိုင်မာသည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဆက်စပ်မှုရှိသင့်ပါသည်။ ယင်းအကူအညီများသည် ဒီမိုကရေစီတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရေး၊ လူသားချင်းစာနာသည့်အကူအညီနှင့် ဖွံ့ဖြိုးရေးအကူအညီများကို မြန်မာနိုင်ငံ ဒေ သအားလုံးသို့ရောက်ရှိစေကာ အကူအညီပေးရာတွင် ပွင့်လင်းမြင်သာမှုများရှိစေရေး၊ လူနည်းစု တိုင်းရင်းမျိုးနွယ်စုဒေသများအတွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများ တိုးချဲ့ရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ထုတ်ဝေခွင့်၊ သင်းပင်း ဖွဲ့စည်းခွင့်၊ စုဝေးခွင့်နှင့် ရိုဟင်ဂျာမှုဆလင်များ၏ အခွင့်အရေးများကို ကန့်သတ်ထားသော ဥပဒေများကို မြန်မာ့လွှတ်တော်က ပြင်ဆင်ပြုပြင်ရာတွင် နည်းစနစ်ကူညီပေးရေးတို့ကို ဦးတည်သင့်သည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် မြန်မာနိုင်ငံအတွင်း၌ ပိုမိုကျယ်ပြန့်သော ဒီမိုကရေစီနှင့် လူမှုရေးအရ တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုများ ရရှိလာစေရန်အတွက် လမ်းပြမြေပုံတစ်ရပ်ကို ဒေါ်အောင်ဆန်းစုကြည်နှင့် နီးနီး ကပ်ကပ် ပူးပေါင်းဆောင်ရွက် ဖော်ထုတ်ရပါမည်။

## ၁။ ဒီမိုကရေစီရေးခိုင်မာစေရန်နှင့် ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှု နိုဂုံးချုပ်ရေးအတွက် လက်ငင်းတိုးတက်မှုကို ကြိုးပမ်းခြင်း

အောက်ပါ တိကျခိုင်မာပြီး သက်သေခံလုပ်ဆောင်ချက်များကို မြန်မာအစိုးရက မဆောင်ရွက်သရွေ့ အမေရိကန်ပြည်ထောင်စု အစိုးရသည် မြန်မာနိုင်ငံ၏ CPC အဆင့်အတန်းနှင့် အရေးယူပိတ်ဆို့မှုများကို ထိန်းသိမ်းထားသင့်ပါသည်။

- ဘာသာရေးလွတ်လပ်ခွင့်နှင့် ယင်းနှင့်ဆက်စပ်နေသော လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာအသုံးပြုသည့်အတွက် ဖမ်းဆီးသို့မဟုတ် ထိန်းသိမ်းခံထားကြရသောသူများအားလုံး ခြွင်းချက်မရှိ လွှတ်ပေးရန်၊ ခန့်မှန်းခြေ ဗုဒ္ဓဘာသာရဟန်းတော် ၁၅၀ နှင့် အခြားသော ၂၀၀၇ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သည့် ရွှေဝါရောင်လှုပ်ရှားမှုများအတွင်း ပါဝင်ခဲ့သော၊ ခေါင်းဆောင်ခဲ့ကြသောသူများအပါအဝင် ထိန်းသိမ်း သို့မဟုတ် ပျောက်ဆုံးနေသော နိုင်ငံရေးအကျဉ်းသားများ မည်သည့်နေရာများတွင် ရှိနေကြသည်ကိုရှင်းလင်းပေးရန်၊

- ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် မူဆလင်ဗလီများကို အင်အားသုံးပိတ်စေခြင်း၊ ဘာသာရေးအရ အထိမ်းအမှတ်အဖြစ်ထားရှိသော အထွတ်အမြတ်နေရာများကို ဖျက်ဆီးပစ်ခြင်း၊ မူဆလင်များကို ဆန့်ကျင်ရေးအတွက် လူအများ ပါဝင်ပတ်သက်လာစေရန် လှုံ့ဆော်ပေးခြင်း၊ ဗုဒ္ဓဘာသာကို ကိုးကွယ်လာကြစေရန် အမိန့်အာဏာဖြင့် တိုက်တွန်းခြင်း၊ ဖိအားပေးခြင်း၊ တိုင်းရင်းသားလူနည်းစုများအကြား အခြားဘာသာများအား ယုံကြည်ကိုးကွယ်မှုကို စွန့်ပစ်ရန် ဖိအားပေးခြင်းနှင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်မှုမပြုကြသူ လူနည်းစုများအား ဆန့်ကျင်ဆက်ဆံခြင်း စသော ခွဲခြားဆက်ဆံသော မူဝါဒများကို တရားဝင်ရပ်ဆိုင်းရန်၊
- ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် မူဆလင်ဗလီများ ဆောက်လုပ်ခြင်း၊ အသစ်ပြုပြင်တည်ဆောက်ခြင်းကို တားဆီးခြင်း၊ ဘာသာသာသနာနှင့်ပတ်သက်သည့် စာပေများပုံနှိပ်ခြင်း၊ မူဆလင်နှင့် ခရစ်ယာန်ဘာသာ သက်ဝင်ယုံကြည်သူများ၏ဗလီများ၊ ဘုရားရှိခိုးကျောင်းများ၊ ဘာသာရေးတွေ့ဆုံပွဲများ လုပ်ကြသည့်နေရာများ၊ စာသင်ကျောင်းများ၊ သချိုင်းမြေများ၊ ယဉ်ကျေးမှုဌာနများကို ဖြိုဖျက်ပစ်ခြင်း၊ သိမ်းယူခြင်း၊ အဆိုပါနေရာများတွင် ဘာသာရေးအရ စည်းရုံးစုစည်းခြင်း မပြုနိုင်ရန် အဓမ္မနှင်ထုတ်ခြင်း စသည့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်းမရှိသည့် မူဝါဒများကို အဆုံးသတ်ရန်၊
- ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် ဆင်နွှဲနေသော စစ်ဆင်ရေးများကို အမြန်ဆုံးရပ်ဆိုင်းပြီး စစ်မှန်သော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်နှင့် လူနည်းစုတိုင်းရင်းသား တစ်စုချင်းစီနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်၊
- အဓမ္မအလုပ်ခိုင်းစေခြင်းများ၊ ကလေးသူငယ်များနှင့် လူနည်းစုဝင် ဘာသာရေးအင်အားစုများကို စစ်ဘက်သုံး အလုပ်သမားများအဖြစ် အလုပ်ခိုင်းစေခြင်း သို့မဟုတ် ပေါ်တာများအဖြစ် ခိုင်းစေခြင်းများကို အဆုံးသတ်ရပါမည်။ စစ်တပ်တပ်မှူးများက အရပ်သားများကို အရေးပေါ်အခြေအနေများမှတစ်ပါး အဓမ္မခိုင်းစေခြင်းမပြုရန်နှင့် တားမြစ်ထုတ်ပြန်ထားသည့် "အမိန့်-၁/၉၉" (မေ၊ ၁၉၉၉)နှင့် "ထပ်ဆင့်အမိန့်-၁/၉၉" (နိုဝင်ဘာ၊ ၂၀၀၀)ကို လိုက်နာရန်နှင့်...
- မြေယာအသုံးချချင်း၊ ပညာရေး၊ မြေယာချထားပေးခြင်း၊ အလုပ်အကိုင်မြှင့်တင်ပေးခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ အစိုးရဝန်ထမ်းအလုပ်များပေးခြင်း၊ နိုင်ငံသားဖြစ်ခွင့်ပေးခြင်း၊ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်ပြုခြင်းနှင့် ထိမ်းမြားခွင့်ပြုခြင်းတို့ကို ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးအပေါ်အခြေတည်၍ ခွဲခြားဆက်ဆံခြင်းကို အဆုံးသတ်မည့် ဥပဒေသစ်များကို ကျင့်သုံးရမည်။ ဥပဒေမူကြမ်းများ ရေးဆွဲရာတွင် နည်းပညာအကူအညီများ အထောက် အကူရစေရန် နိုင်ငံတကာကို ဖိတ်ခေါ်ရပါမည်။ သို့မှသာ ဤပြဿနာများနှင့်ပတ်သက်သည့် နိုင်ငံတကာ ဥပဒေအဆင့်အတန်းများနှင့် လိုက်လျောညီထွေဖြစ်စေမည် ဖြစ်ပါသည်။

## ၂။ အမေရိကန် အစီအစဉ်များမှတစ်ဆင့် ဒေသဆိုင်ရာ ဒီမိုကရေစီကြိုးပမ်းမှုများကို အားပေးကူညီခြင်း။

အမေရိကန်အစိုးရသည် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။

- ကမ္ဘာလုံးဆိုင်ရာအခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ပေးသည့် ဥပဒေ (PURRL) အစီအစဉ်ကို ဖြစ်ပေါ်စေသည့် အရှေ့ ဥရောပ ဒီမိုကရေစီကို အားပေးထောက်ခံခြင်း (SEED)နှင့် အလားသဏ္ဌာန်တူသည့် အာရှပုံစံ ရှေ့ပြေးအစီအစဉ်တစ်ခုကိုဖန်တီးရန် စဉ်းစားသင့်သည်။ ယင်းအစီအစဉ်သည် အခြေတည်စနိုင်ငံရေးပါတီများနှင့် ဒီမိုကရက်တစ်အဖွဲ့အစည်းများအား အားပေးကူညီခြင်း၊ အရပ်သားအစိုးရအေဂျင်စီများ၊ တရားဝင်အဖွဲ့အစည်းများ၊ တရားရုံးများနှင့် လွှတ်တော်များ၊ ဒီမိုကရေစီတည်ဆောက်ရာမှာ နည်းစနစ်အကူအညီပေးခြင်းနှင့် ဘာသာရေးလွတ်လပ်ခွင့်ကို ကန့်သတ်သောဥပဒေများ၊ လူနည်းစုတိုင်းရင်းသားများနှင့် လူနည်းစုဘာသာဝင်များအား ခွဲခြားဆက်ဆံသောဥပဒေများ၊ လွတ်လပ်

စွာ ထုတ်ဖော်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်တို့ကို ကန့်သတ်ချုပ်ချယ်သော ဥပဒေများကို ပြင်ဆင်ရာတွင် နည်းစနစ်များ အကူအညီပေးခြင်းတို့ဖြစ်သည်။

- အမေရိကန်အစိုးရ၏ စီးပွားရေးအကူအညီပေးရေး ရန်ပုံငွေနှင့် အခြားသောနည်းလမ်းများမှတစ်ဆင့် အကူအညီများ ဆက်ပေးရပါမည်။ မြန်မာ့အရပ်ဘက်လူ့အဖွဲ့အစည်းအုပ်စုများ လူသားချင်းစာနာသည့် အထောက်အကူများပေးနိုင်ရေး၊ လူ့အခွင့်အရေးအခြေအနေများ၊ တိတိကျကျဆိုရလျှင် မူဆလင်များ၊ ခရစ်ယာန်များ၊ ဗုဒ္ဓဘာသာ အစုအဖွဲ့များ ရင်ဆိုင်နေရသည့် ဘာသာရေးလွတ်လပ်ခွင့်ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်ရေးနှင့် မြန်မာနိုင်ငံ အတွင်းအပြင်တွင် နေထိုင်ကြသည့် မြန်မာများအား လူထုထောက်ခံအားပေးမှု၊ ဥပဒေရေးရာခေါင်းဆောင်မှု သင်တန်းများ ပို့ချနိုင်ရန်အတွက် အကူအညီများ ဆက်လက်ပေးအပ်သွားသင့်သည်။
- ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲများအား စောင့်ကြည့်ရန် အတွက် နည်းပညာနှင့် ဘဏ္ဍာရေးအကူအညီများကို နာမည်ကောင်းရှိပြီး လွတ်လပ်သည့် နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာသူများဖြင့် ကူညီပေးသင့်သည်။

## ၃။ ဘက်ပေါင်းစုံ သံတမန်ရေးရာကြိုးပမ်းမှုများ ထောက်ခံခြင်းနှင့် အထောက်အကူပြုခြင်း

အမေရိကန်အစိုးရသည်—

- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် ကိုးကွယ်ယုံကြည်မှု သို့မဟုတ် ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးသံကိုယ်စားလှယ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)၊ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံး (UNOCHA)၊ နိုင်ငံတကာကြက်ခြေနီအဖွဲ့ (ICRC)၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) များအပါအဝင် သင့်လျော်သော ကုလသမဂ္ဂ လုပ်ထုံးလုပ်နည်းများကဲ့သို့သော အတားအဆီး အပိတ်အပင်မရှိသည့် လမ်းကြောင်းကို အသုံးပြုကာ ကူညီပေးသင့်သည်။
- မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မူဆလင်များ တွေ့ကြုံနေရသော ဘာသာရေးလွတ်လပ်ခွင့်နှင့် ယင်းနှင့် ဆက်စပ်နေသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြစ်တင်ရှုတ်ချသည့် ကြေညာချက်များကို အများပြည်သူသို့ ထုတ်ပြန်ရန်နှင့် မြန်မာအစိုးရ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လက်တွဲ၍ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်ခံရခြင်းကို အဆုံးသတ်ကာ ရိုဟင်ဂျာမူဆလင်ဒုက္ခသည်များအတွက် ရေရှည်အကျိုးရှိမည့်အဖြေကို အတူတကွရှာဖွေရန် အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ချုပ် (OIC) ကို တိုက်တွန်းသင့်သည်။
- တိုင်းရင်းသားလူနည်းစုများအား ကာကွယ်ပေးရန်နှင့် ဒုက္ခသည်ပြဿနာများအတွက် အဖြေရှာခြင်း၊ အထူးသဖြင့် ရိုဟင်ဂျာမူဆလင်များအတွက် ရေရှည်အကျိုးရှိမည့်အဖြေကို ရှာဖွေရန်အပါအဝင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှု များကို အာဆီယံနိုင်ငံများက ပိုမိုဆောင်ရွက်ကြရန် တိုက်တွန်းသင့်သည်။